## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၉)

## သတ္တုတွင်းဦးစီးဌာန၊အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊အမှတ်(၂)သတ္တုတွင်းလုပ်ငန်း တို့မှ ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း တို့တွင် လစ်လပ်လျက်ရှိသော(လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဆင့် ကွန်ပျူတာ လုပ်ဆောင်ရေးမှူးရာထူး(၇)နေရာ၊ (လစာနှုန်း၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်း စာရေးရာထူး(၁၀)နေရာ ၊ (လစာနှုန်း၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရုံးအကူရာထူး(၁၀) နေရာ၊ လုပ်သားရာထူး(၁၃)နေရာ၊ စာပို့ရာထူး(၁)နေရာ၊ အစောင့်ရာထူး(၁)နေရာ တို့အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

(က) သတ္တုတွင်းဦးစီးဌာန

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၇ | ဘူမိဗေဒဘွဲ့၊B.Sc(Geology), ဥပဒေဆိုင်ရာဘွဲ့တစ်ခုခု၊LL.B, B.A(Law),ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ B.A(English),ကွန်ပျူတာသိပ္ပံဘွဲ့၊ B.C.Sc,ကွန်ပျူတာနည်းပညာဘွဲ့၊ B.C.Tech,စီးပွားရေးဆိုင်ရာဘွဲ့ တစ်ခုခု |

(ခ ) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ရုံးအကူ | ၅ | အခြေခံပညာအထက်တန်းအောင်မြင်သူ |
| ၂။ | လုပ်သား | ၅ | အခြေခံပညာအထက်တန်းအောင်မြင်သူ |

(ဂ) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| ၁။ | အငယ်တန်းစာရေး | ၁၀ | ဘွဲ့တစ်ခုခုရရှိသူ(အခြေခံကွန်ပျူတာ တတ်ကျွမ်းသူ) |
| ၂။ | ရုံးအကူ | ၅ | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |
| ၃။ | လုပ်သား | ၈ | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ |
| ၄။ | စာပို့ | ၁ | အခြေခံပညာမူလတန်းအဆင့် |
| ၅။ | အစောင့် | ၁ | အခြေခံပညာမူလတန်းအဆင့် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ဝန်ထမ်းဖြစ်ပါကအသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ပြီးလက်ရှိဌာန၏ခွင့်ပြုချက်မူရင်းပါရှိရမည်။အစောင့်ရာထူးအတွက်အသက်(၄၀)နှစ်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဌာနတွင်အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဆ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း၊ (Removal)ခံရသူများလျှောက်ထားခွင့်မရှိပါ။

၃။ သတ္တုတွင်းဦးစီးဌာနသို့ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲတွင်ရယူနိုင်ပြီး လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်သို့လည်းကောင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသို့ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အုပ်ချုပ်ရေးဌာနခွဲတွင်ရယူနိုင်ပြီး လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော်သို့လည်းကောင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ အုပ်ချုပ်ရေးဌာနခွဲတွင်ရယူနိုင်ပြီး လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော်သို့လည်းကောင်း၊ ၁၆-၁၂-၂၀၂၅ရက်နေ့ ရုံးချိန်အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ခွင့်ပြုချက်ဖြင့် မိမိလျှောက်ထားသည့် သတ္တုတွင်းဦးစီးဌာန (သို့မဟုတ်) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း (သို့မဟုတ်) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) လျှောက်ထားသည့်ရာထူးအတွက် သတ်မှတ်ထားသည့် ပညာအရည်အချင်းအတွက် အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ထောက်ခံစာမူရင်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊

(ဃ) သက်ဆိုင်ရာရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(စ ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ၊

(ဇ ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသောကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၆။ ဖြေဆိုခွင့်ရရှိသူ၏ အမည်စာရင်းနှင့်ခုံအမှတ်တို့ကို သတ္တုတွင်းဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့၏ ကြော်ငြာသင်ပုန်းတွင်ကြေညာပေးထားမည်ဖြစ်သည်။

၇။ ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးလျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းတို့ကို လည်းကောင်း၊ ရုံးအကူ၊ လုပ်သား၊ စာပို့၊ အစောင့် ရာထူးနေရာများသို့ လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းတို့ကို လည်းကောင်း ၆-၁-၂၀၂၆ ရက်နေ့တွင် ရေးဖြေစစ်ဆေးခံရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ ၁၂-၁-၂၀၂၆ ရက်နေ့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၅-၁-၂၀၂၆ ရက်နေ့တွင် သတ္တုတွင်းဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့တွင် ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်ချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်း အထောက်အထား မပြည့်စုံသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း) ပါရှိရမည်ဖြစ်ပါသည်၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက သတ္တုတွင်းဦးစီးဌာန တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၃၇၃ သို့ လည်းကောင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၂၀၉ သို့လည်းကောင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၁၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန၊အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း